နိုင်မျိုးသစ္စာ (နမ္မတူ)

# အပျော်လွန်ည နှင့် (အခြားဝတ္ထုတိုများ)



## "ဆရာလယ်တွင်းသားစောချစ်၏ အမှာစာ"

အမျိုးသားစာပေဆုပေးပွဲတက်ရောက်ရန်အတွက် နေပြည်တော်သို့ ၃၀-၁၂-၂၀၁၀ ရက်နေ့က ရောက်နေသည်။ ဆင်ဖြူ(၁)ဧည့်ရိပ်သာမှာ တည်းခိုနေစဉ် သိန်းဇော်(ရွှေလီဦး) ရောက်လာသည်။ သူက စာပေ ဗိမာန် ဝတ္ထုရှည်ဆုရ၍ ဆုယူရန်လာခြင်းဖြစ်၏။ ကျွန်တော်နှင့်အတူ ဆင်ဖြူရှင်ဧည့်ရိပ်သာ(၁)မှာပင် တည်းနေသည်။

"နိုင်မျိုးသစ္စာက သူ့စာအုပ်မှာ အမှာစာရေးပေးပါတဲ့" စာအုပ်ကြီး တစ်အုပ် ပေးပါသည်။

"ရေးပေးမယ်"ဟု ကတိပြုပြီး သူပြန်သွားသည်နှင့် စာအုပ်ကိုစ,ဖတ် ပါသည်။

"အပျော်လွန်ညနှင့် အခြားဝတ္ထုတိုများ" စာမူစာအုပ် ထူထူရှည်ရှည် ကြီးဖြစ်သည်။ ရှုထောင့်မှူခင်းနှင့် ရသစုံမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ နိုင်ငံ့ ဂုဏ်ရည်မဂ္ဂဇင်း၊ လပြည့်ဝန်းမဂ္ဂဇင်း၊ မှုခင်းစုံတို့တွင် ပါခဲ့ပြီးသား ဝတ္ထုတို(၁၃)ပုဒ်ဖြစ်သည်။

နိုင်မျိုးသစ္စာနှင့် ကျွန်တော်ရင်းနှီးခင်မင်ပါသည်။ မူဆယ်သို့ စာပေ ဟောပြောပွဲသွားခဲ့စဉ်၌ မူဆယ်မြို့မှ စာပေသမားများနှင့် ချစ်ခင်ရင်းနှီး ခဲ့ရာမှ သူနှင့်ပါ တွေ့ဆုံရင်းနှီးခဲ့ရပါသည်။ သူတို့ဆီ ရောက်ခဲ့စဉ်မှာ အလွန်ဧည့်ဝတ်ကျေပွန်ကြသူများဖြစ်ကြပါသည်။

အမှာစာ ရေးရန်အတွက် သူ၏ဝတ္ထုတိုများအားလုံးကို အကုန်အစင် အသေအချာဖတ်ရမည်။ ရန်ကုန်ရောက်လျှင် အလုပ်များမည်။ ဖတ်ချိန် ရရန် ခက်မည်။ နေပြည်တော်ရောက်နေစဉ် စာပေဆုပေးပွဲမတိုင်မီ အိပ်ဆောင်မှာ နားရသည်။ စာဖတ်စရာ စာအုပ်ပါမလာသည်နှင့် အတော်ဖြစ်သွားသည်။ နိုင်မျိုးသစ္စာ၏ ဝတ္ထုများကို ဖတ်ရသည်။ ဆုပေးပွဲပြီးသည့်နောက်တစ်နေ့မှာလည်း ဖတ်သည်။ လေယာဉ်ကွင်းမှာ လည်း လေယာဉ်စောင့်ရင်းဖတ်သည်။

စာဖတ်သော ‘အပျော်လွန်ည’မှစ၍ စိတ်ဝင်စားစရာကောင်း ပါသည်။ မှုခင်းဝတ္ထုများ၏ သဘာဝအတိုင်း စိတ်ဝင်စားအောင် ဆွဲ ဆောင်မှုကောင်းသည်။ အချစ်ဝတ္ထုလေးများလည်းပါသည်။ စွန့်စားခန်း များပါသည်။ မူးယစ်ဝတ္ထုများပါသည်။ လောဘအမှား၊ ဒေါသအမှား၊ မာနအမှား၊ သတိ ပေ့ါလျော့သော အမှားသင်ခန်းစာများစွာရသည်။

စာကောင်းလျှင် ဖတ်နေချိန်နေစဉ်မှာ ဆွဲဆောင်မှုရှိရမည်။ ရသ မြောက်ရည်။ ဖတ်ပြီးလျှင် ဆင်ခြင်စရာ၊ မှတ်သားစရာ၊ သင်ခန်းစာ ကျန်ရမည်။ နိုင်မျိုးသစ္စာ၏ ဝတ္ထုတို(၁၃)ပုဒ်မှာ ထိုအချက်များနှင့် ညီမ ညီအဆွေစာချစ်သူ ဖတ်ကြည့်အကဲဖြတ်တော်မူ။

**လယ်တွင်းသားစောချစ်**

*

## “အပျော်လွန်ညအတွက် အမှတ်တရ မုဒိတာပွားပါစေ”

ရှေ့နေစာရေးဆရာ နိုင်မျိုးသစ္စာ(နမ္မတူ)က သူရဲ့ ‘အပျော်လွန်ညနှင့် အခြားဝတ္ထုတိုများ’စာအုပ်အတွက် အမှာစာရေးသားပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။

ဆရာနိုင်မျိုးသစ္စာ(နမ္မတူ)ဟာ လုံးချင်းသုံးအုပ် ရေးသားထုတ်ဝေထားပြီးသူမို့ သူ့ကိုထူးထူး ထွေထွေ ညွှန်းဆိုစရာမလိုအပ်တော့ဘူးလို့ ကျွန်တော်ယူဆထားပါသည်။

သူရေးသားထုတ်ဝေခဲ့တဲ့ “ချစ်သူတို့အဖွဲ့ ကဗျာစု”ကဗျာစာအုပ်နဲ့ “ဖေဖေ့သားအတွက် ဖေဖေ့စကား” ဆုံးမစာ(တစ်နည်းအားဖြင့်) တက်ကျမ်းစာညွှန်စာအုပ် နှစ်အုပ်စလုံးကို ကျွန်တော်ပဲစီ စဉ်တည်းဖြတ်ပြီး စာအုပ်ဖြစ်အောင် စွမ်းဆောင်ကူညီပေးခဲ့ရတာပါ။

ယခုဒီစာအုပ်ကိုလည်း ကျွန်တော့်စိတ်ကြိုက် စီစဉ်တည်းဖြတ်ပြီး စာအုပ်ဖြစ်အောင် ကူညီပါလို့ ထပ်လောင်းအကူအညီတောင်းခံလာပြန်ပါတယ်။

ယခု ဒီစာအုပ်ကိုလည်း ကျွန်တော့်စိတ်ကြိုက် စီစဥ်တည်းဖြတ်ပြီး စာအုပ်ဖြစ်အောင်ကူညီ ပါလို့ ထပ်လောင်းအကူအညီတောင်းခံလာပြန်ပါတယ်။

ဒီစာအုပ် ဝတ္ထုတို(၁၃)ပုဒ်ပါပါတယ်။ ကျွန်တော့် “မှုခင်းရှုထောင့်

ရသစုံမဂ္ဂဇင်း”မှာ ဖော်ပြ ခဲ့တဲ့ ဝတ္ထုတို(၁၀)ပုဒ်နဲ့ နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ နမ့်ခမ်းမဂ္ဂဇင်း အမှတ်(၂)တို့မှာ ဖော်ပြခံခဲ့ရတဲ့ ဝတ္ထုတို တစ်ပုဒ်စီ (သုံးပုဒ်) စုစုပေါင်း ဝတ္ထုတို(၁၃)ပုဒ်ပါ။

ဆရာ နိုင်မျိုးသစ္စာ(နမ္မတူ)ဟာ မူဆယ်မြို့မှာ ရှေ့နေအလုပ်ကို လုပ်ကိုင်ရင်း စာပေမျိုးဆက်က ဆင်းသက်လာသူပီပီ ဝါသနာအရ စာပေမျိုးစုံကိုလည်း စာနယ်ဇင်းမျိုးစုံမှာရေးသားနေသူ ဖြစ်ပါတယ်။

ယခု ဝတ္ထုတို(၁၃)ပုဒ်မှာပါတဲ့ ဇာတ်ကောင်တွေကလည်း သူ့ရှေ့နေ လုပ်ငန်းခွင်ကရတဲ့ စာပေကုန်ကြမ်းတွေကို စာပေကုန်ချောအဖြစ်ရသ ပါပါ သီကုံးခြယ်မှုန်းထားတာပါ။

“အပျော်လွန်ည”ဝတ္ထုတိုမှာ ဖော်ပြထားတဲ့ ရင်နင့်ကြေကွဲစရာ ဖြစ်ရပ်ကိုကြည့်ရင်၊ မြန်မာ့ယဉ်ကျေးမှုနဲ့မကိုက်ညီတဲ့ သရုပ်ပျက်တွေရဲ့ ကြားမှာ သွားပြီးပျော်ပါးမိကြလို့ အသက်နဲ့ရင်းပြီး ဘဝပေးသင်ခန်းစာ ရသွားကြပုံကို မီးမောင်းထိုးပြထားတာပါ။ ရသကိုးပါးစံနဲ့ တိုင်းတာကြ ည့်မယ်ဆိုရင် သိင်္ဂါရသ= ချစ်ခင်မှု၊ ကရုဏာရသ= သနားမှု။ ရုဒ္ဒရသ=ကြမ်းကြုတ်ခတ်ထန်မှု။ ဘယာနကရသ= ကြောက်ရွံ့မှု။ ဝိဘစ္ဆ ရသ=စက်ဆုပ်မှု၊ အဗ္ဘုတရသ=အံ့ဩမှုဆိုတဲ့ ရသခြောက်ပါးပါရှိတာကို တွေ့မြင်ဖတ်ရှုကြရပါလိမ့်မယ်။

“မူးယစ်သားကောင်။ အမိုက်မှောင်” ဝတ္ထုတိုမှာ ဖော်ပြထားတဲ့ မူးယစ်ဆေးစွဲသွားသူတစ်ယောက်ရဲ့ ဆင်ခြင်အသိကင်းမဲ့သွားမှုကြောင့် ကိုယ့်ဇနီးကို ကိုယ်တိုင်သတ်ဖြတ်ခဲ့မိပုံနဲ့ ရင်သွေးရဲ့ ပညာရေးကိုလည်း ဂရုမစိုက်တော့ဘဲ မိုက်လုံးကြီးပုံကိုပေါ်လွင်အောင် ဖော်ဆောင်ပြထား ပါတယ်။ “ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ၊ နော အရသာ”ရသကိုးပါးစလုံးပါရှိတာကို တွေ့

မြင်ဖတ်ရှုကြရပါလိမ့်မယ်။

"အမေ့ကို ဘယ်လိုပြောရတော့မှာလဲ မောင်လေးရယ်" ဝတ္ထုတိုလေးမှာတော့ အပေါင်းအသင်းမှားလို့ လူသတ်တရားခံဖြစ်သွားရသူရဲ့ အကြောင်းကို ဖော်ပြထားတာပါ။ လူငယ်သဘာဝ အပေါင်းအသင်း မိတ်ဆွေကို ရွေးချယ်တတ်ဖို့လိုတာကို မီးမောင်းထိုးပြသွားတာပါ။

"ငရဲလမ်းမှခရီးသည်"ဝတ္ထုတိုလေးမှာလည်း မူးယစ်ဆေးစွဲသွားသူရဲ့မိုက်မဲမှုကမ်းကုန်တဲ့ ခေတ်သစ် အဇာတသတ်ဖြစ်ရပ်ပါ။ အဲဒီဝတ္ထုတိုလေးကိုဖတ်ပြီး စာချစ်သူတွေ ရင်နင့်ကြေကွဲစွာခံစားကြရမှာ သေချာပါတယ်။ မူးယစ်ဆေးစွဲသူအချို့ဟာ ကယောင်ချောက်ချားနဲ့အမြင်တွေလွဲမှားပြီး လူ့အသိစိတ်ပျောက်ကုန်ကြလေ့ရှိပါတယ်။ အခုဒီဖြစ်ရပ်မှာလည်း သူ့သမီးလေးကို မုန့်ခွံ့ကျွေးနေတဲ့ သူ့အဖေကို (မြေးကိုမုန့်ခွံ့ကျွေးနေတဲ့အဘိုးကို)မကောင်းဆိုးဝါးထင်ပြီး သားအရင်းကအဖေကို ရဲတင်းနဲ့ ခုတ်သတ်လိုက်တဲ့ဖြစ်ရပ်ပါ။ ဒါကြောင့် ခေတ်သစ် အဇာတသတ်လို့ ပြောရတာပါ။ မူးယစ်ဆေးရဲ့ အန္တရာယ်ကို ရသပါပါ ရင်နင့် ကြေကွဲဖွယ်ကောင်းအောင် ရေးသားထားတာမို့ ဖတ်ရှုခံစားကြည့်ကြစေချင်ပါတယ်။

"အသွားမတော်တစ်လှမ်း"ဝတ္ထုတိုလေးကလည်း လောင်းကစားနဲ့ ဖက်ပြီး ခြေလှမ်းမှားသွားလို့ အချောင်အဖမ်းခံရပုံကို ဖော်ပြထားတာပါ။

"ငါရိုးစူးသောကြောင့်"ဝတ္ထုတိုလေးကတော့ တဏှာရာဂမြှုံးထဲ ရောက်သွားသူရဲ့ ကျဆုံးခန်းကို ဖော်ပြထားတာပါ။ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝကိုပဲ ဆွဲဆောင်မှုရှိအောင် လက်ရာပြောင်မြောက်စွာ ရေးသား ဖော်ပြထားပါတယ်။

“အမှောင်ထဲက ရောင်ခြည်ဦး” ဝတ္ထုတိုလေးကတော့ ဝါရင့်စာရေးဆရာကြီး/ဆရာမကြီးတွေ ရေးသားသလို သုတရဲ့ရသကို ပေါင်းစပ်ပြီးစာဖတ်သူ၊ စာနာသူတွေ၊ ဗဟုသုတလည်းရ၊ ပညာလည်း ရအောင်ရေးသားထားတာပါ။

“အမုန်းဖွဲ့ရန်ငြိုး”ဝတ္ထုတိုလေးမှာတော့ ဒေါသကြောင့်ဖြစ်ရတဲ့ အမှားကြောင့် ချစ်သူ နဲ့လွဲ၊ ကွေကွဲသွားရပုံကို ရသပါပါ ရေးသားထား တာပါ။

“စိတ်ဆင်ရိုင်း”ဝတ္ထုတိုလေးကတော့ တဒင်္ဂဒေါသအမှားကြောင့် နောင်တရပုံကို ဖော်ပြထားတာပါ။

“ချစ်သူခေါ်ရာ”ဝတ္ထုတိုလေးကတော့ ဝါဝါမြင်တိုင်းရွှေမထင်ကြဖို့ ဒေါင်းယောင် ဆောင်တဲ့ကျီးတွေကို သတိထားကြဖို့ အညှာမလွယ်ကြဖို့ လူမှောင်ခိုဖြစ်ရပ်ကို မီးမောင်းထိုးပြထားတာပါ။

“သစ္စာပျက်ယွင်းမိလေသည့်မို့” ဝတ္ထုတိုလေးမှာတော့ မနုဿမှုဆိုး ရဲ့ကျော့ကွင်းထဲ သက်ဆင်းမိတဲ့ အိမ်ထောင်ရေးဖောက်ပြန်သူ အမျိုးသမီးရဲ့ မရှုမလှကျဆုံးခန်းကို ရုပ်လုံးပေါ်အောင် ဖော်ဆောင်ထား တာ ထိထိမိမိရှိလှသလို ရှုတတလည်း ခံစားကြရပါလိမ့်မယ်။

“ယုံမှတ်လို့ ပုံအပ်မိပါတယ်” ဝတ္ထုတိုလေးမှာ သမင်ပျိုလေးကို လှည့်ဖြားပြီး ဝါးမျိုတဲ့ကျားဘုရင်လို လူယုတ်မာတစ်ယောက်ရဲ့ ကောက်ကျစ်တဲ့ ရာဂအကြံကြောင့် ရေတိမ်နစ်သွားရရှာသူလေးနဲ့ ရှေ့နေကောင်းပီသသူရှေ့နေအမျိုးသမီးတို့ရဲ့ သရုပ်ကို ဖော်ထုတ်ထား တာမို့ မိန်းကလေး တိုင်းသင်ခန်းစာယူသင့်ပါတယ်။

ဆရာနိုင်မျိုးသစ္စာ(နမ္မတူ)ရဲ့ ဝတ္ထုတို(၁၃)ပုဒ်ဟာ မူခင်းဝတ္ထုတွေ မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဖျားတံခါးဝလို့ ဆိုတဲ့ မူ

ဆယ်မြို့ကိုအခြေခံပြီး လောကခံလှိုင်းလုံးအောက်မှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေကြတဲ့ လူတန်းစားအလွှာပေါင်းစုံထဲက ရင်နင့်ကြေကွဲစရာ ဖြစ်ရပ်တွေကို သာဓကထုတ်နုတ်ပြီး စာနာစိတ်နဲ့ရေးသားထားတယ်လို့ ကျွန်တော်ယုံကြည်ယူဆပါတယ်။

မြန်မာစာဆိုရှင်ကြီး ဆရာဇော်ဂျီက "စိတ်ကောင်းရှိမှ စာကောင်း ရေးနိုင်တယ်"လို့အဆိုရှိခဲ့ပါတယ်။ ယခုဆရာနိုင်မျိုးသစ္စာ(နမ္မတူ)လည်း စာဖတ်သူတွေအတွက် စေတနာစိတ်ထားပြီး ရေးသားထားတာတွေ့ရ လို့ စိတ်ကောင်း စေတနာကောင်းရှိသူလို့ပဲ သတ်မှတ်လိုက်ပါတယ်။

ဆရာနိုင်မျိုးသစ္စာ(နမ္မတူ)ဟာ သူ့ချွေးနဲ့စာလေးနဲ့ စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ထုတ်ဝေနေတာဟာ ငွေကြေးအကျိုးအမြတ်ရလိုမှု နဲ့ ထုတ်ဝေဖြန့်ချိနေတာမဟုတ်ပါဘူး။ သူရယူလိုချင်တဲ့ အကျိုးအမြတ် ကတော့ စာချစ်သူ၊ စာနာသူတွေ့ရဲ့ အသိအမှတ်ပြုမှုကိုပဲ ရယူလိုချင် တာပါ။

ဒါဟာ စာရေးဆရာ/ဆရာမတိုင်း ခံယူထားတဲ့ စာပေစိတ်ဓာတ်ပါ။

"အကြောင်းခံလျှင်၊ အကျိုးပြန်သည်"လို့ ဆိုရိုးစကားရှိပါတယ်။ စိတ်ကောင်းစေတနာကောင်း အကြောင်းခံနေတဲ့ ဆရာနိုင်မျိုးသစ္စာ(န မ္မာတူ)ကို ကောင်းကျိုးတွေက တုံ့ပြန်လာမှာသေချာပါတယ်။ စေတနာ မှန်တဲ့ ကံတရားအရ ကောင်းကျိုးရလဒ်ရောင်ပြန်ဟပ်ပါစေလို့ ဆန္ဒမွန် ပြု လိုက်ပါတယ်။

**အမျိုးသားစာပေဆုရ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**တာဝန်ခံအယ်ဒီတာ**

**မှူခင်းရှုထောင့်ရသစုံမဂ္ဂဇင်း**

မှုခင်းရှုထောင့်ဂျာနယ်/မှုခင်းမြင်းကွင်းဂျာနယ်

*

## စာရေးသူ၏ အမှာစကား

ကျွန်တော်သည်ဝါသနာအရ စာပေများကိုရေးသားနေသူ ဖြစ်သော်လည်း အသက်မွေးဝမ်းကျောင်းမှာမူ ရှေ့နေဖြစ်ပါသည်။ သို့ဖြစ်ပေရာ ကျွန်တော် နေ့စဉ်နှင့်အမျှ ကျင်လည်ရသောအရပ်မှာ တရားရုံးများပင် ဖြစ်ပါသည်။ တရားရုံးများသို့ အလွှာအသီးသီးမှ လူငယ်လေးများ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကြသည်ကို တွေ့မြင်နေရပါသည်။ ကျွန်တော့်အနေဖြင့် ဤလူငယ်လေးများကို စိတ်ဝင်စားမိသည့်အလျောက် သူတို့၏ အကြောင်းလေးများကို ရှုထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇင်းနှင့် ပြစ်မှုမဂ္ဂဇင်းများတွင် ရေးသားခဲ့မိပါသည်။ ရှုထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇင်းများတွင် ရေးသားသည်ဆိုပါသော်လည်း မှုခင်းစုံဖော်ထုတ်သည့် ဇာတ်လမ်းမျိုးမဟုတ်ပါ။ ထိုလူငယ်များ၏ ဘဝ၊ သူတို့၏ ခံစားချက် ၊သူတို့၏ အမှား၊ သူတို့၏ နောင်တတို့ကို ရသနှော၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤဝတ္ထုတိုများကို ဖတ်ရှုခြင်းဖြင့် လူငယ်များသည် ဝတ္ထုပါဇာတ်ကောင်လူငယ်လေးများ၏ အမှားများကို ရှောင်ရှားနိုင်လျက် မိမိတို့၏ ဘဝခရီးလမ်းအား ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်လိုက်ရပါသည်။

**စေတနာမွန်ဖြင့်**

**နိုင်မျိုးသစ္စာ(နမ္မတူ)**

*

# ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်



အဖဦးကျော်သောင်း (စာရေး ဆရာ ကျော်သောင်း-နမ္မတူ)+အမိ ဒေါ် အုန်းရီတို့မှ (၁၉-၃-၁၉၆၀)နေ့တွင် နမ္မတူမြို့၌ မွေးဖွားသည်။

ဝိဇ္ဇာဘွဲ့(စိတ်ပညာ)၊ အထက်တန်းရှေ့နေ(H.G.P)၊ စီးပွားရေး လုပ်ငန်းများ (ပထမဆင့်) ဒုတိယဆင့် သင်တန်းများ ဖြေဆိုအောင်မြင် ခဲ့သည်။

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ငွေစာရင်းဌာနတွင် စာရင်းကိုင်(၂)၊ အောင်ကြိုးကြာကုမ္ပဏီလိမိတက်တွင် မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့ ပြီး ယခုအခါ အထက်တန်းရှေ့နေအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိ

ပါသည်။

၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သင့်ဘဝမဂ္ဂဇင်းပါ "ကြွပါတော့မယ်" ဟာသဝတ္ထုတိုမှာ ပထမဆုံးဖော်ပြခြင်းခံရသော စာမူဖြစ်သည်။

၂၀၀၃ခုနှစ်မှ စတင်၍ နိုင်မျိုးသစ္စာ(နမ္မတူ) ကလောင်အမည်ဖြင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကဗျာ ၊ ဝတ္ထုတို ၊ဆောင်းပါး ၊ သတင်းများ ရေးသားခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် "နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်"ကို ချီးမြှင့်ခြင်းခံရသည်။

၂၀၀၈ ခုနှစ်တွင် စာပေဗိမာန်စာမူဆု (ဝတ္ထုတိုပေါင်းချုပ်)(တတိယဆု) ရရှိခဲ့သည်။

ချစ်သူတို့အဖွဲ့ကဗျာစု၊ "ရင်တွင်းရတနာတေး ကဗျာ (သုံးဦးတွဲ)"၊ "ဖေဖေ့သားအတွက် ဖေဖေ့စကား" စာအုပ်များ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

အမည်ရင်းမှာ ဦးထင်ကျော်ဖြစ်ပြီး မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက် ၊ အိမ်အမှတ် (ဟ/၂၀၇) တွင် နေထိုင်လျက်ရှိပါသည်။

*